***KNU Concerned Group***

**<u>လက်ရှိနိုင်ငံရေး၊ စစ်ရေးလှုပ်ရှားမှုအပေါ် KNU Concerned Group ၏သဘောထားထုတ်ပြန်ချက်။</u>**

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ(၂)ရက်။

၁။ မြန်မာနိုင်ငံ၏ ပါတီစုံအထွေထွေရွေးကောက်ပွဲရလဒ်ကို လက်မခံပဲ ပြည်သူလူထု၏ဆန္ဒကိုဆန့်ကျင်၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် တပ်မတော်မှ အတင်းအဓမ္မအာဏာသိမ်းလိုက်သည့်အပေါ် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ၂၀၁၅ ခုနှစ်၌ ချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည်လည်း ပျက်ပြယ်သွားပြီးဟု မှတ်ယူသည်။

၂။ ထို့အပြင် NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများတို့၏ နိုင်ငံရေးပန်းတိုင်ကို မရောက်ရှိနိုင်သည့်အပြင် ပါတီထောင်ရွေးကောက်ပွဲဝင်ပြီး လက်နက်ကိုင်တော်လှန်ရေးကိုစွန့်ကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်သို့ သွတ်သွင်းနေသည့်စာချုပ်ပင် ဖြစ်သည်။

၃။ စစ်ကောင်စီတပ်ဖွဲ့မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှစ၍ ဆန္ဒပြပြည်သူလူထုများ၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများနှင့်တက်ကြွလှုပ်ရှားသူများကို မတရားဖမ်းဆီးသတ်ဖြတ်သည်မှာ ထောင်ကျော်ပြီဖြစ်သည့်ပြင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတို့၏ ထိန်းချုပ်နယ်မြေအသီးသီးတို့တွင်လည်း ထိုးစစ်များ ထပ်မံဆင်နွှဲလာနေပြီ ဖြစ်သည်။ လတ်တလောတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထိန်းချုပ်နယ်မြေများအတွင်း စစ်ကောင်စီတပ်ဖွဲ့မှ စစ်ဆင်ရေးများ ပိုမိုလှုပ်ရှားလာနေသည်ကိုလည်း တွေ့နေရပါသည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရလွှတ်တော်အမတ်များမှ(၅/၀၂/၂၁)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)ကို ဖွဲ့စည်းခဲ့ပြီး၊ (၃၁/၀၃/၂၁)ရက်နေ့တွင်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးသတ်ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါသည်။ အလားတူ(၁၆/၀၄/၂၁)ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ NUG ကို ဖွဲ့စည်းလိုက်ပြီး၊ (၇/၀၆/၂၁)ရက်နေ့တွင်လည်း စစ်ကောင်စီ၏တပ်ဖွဲ့နှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသောအဖွဲ့အစည်းများအား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၅။ CRPH/NUG အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံရေးရပ်တည်ချက်ဖြစ်သည့် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသည် မိမိတို့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတို့၏ တော်လှန်ရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တိုင်းရင်းသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်ပေါင်းစုပြည်ထောင်စုတည်ဆောက်ရေးနှင့်ထပ်တူဖြစ်သောကြောင့် KNU Concerned Group မှ CRPH/NUG ကို ကြိုဆိုထောက်ခံပြီး အုပ်ချုပ်ရေး၊ စစ်ရေး၊ နိုင်ငံရေးနှင့်သံတမန်ရေးလှုပ်ရှားမှုများကို စွမ်းစွမ်းတမံ ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ ထို့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များတို့မှ စစ်အာဏာရှင်စနစ်အပြီးသတ်ချုပ်ငြိမ်းစေရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်နိုင်ရန်အတွက် နွေဦးတော်လှန်ရေးကြီးနှင့်အတူ တစ်ညီတစ်ညွတ်တည်း တိုက်ပွဲဝင်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်**

၁။ ပဒိုနော်စီဖိုးရာစိန် - (+၆၆)၈၂၁ ၈၄၅ ၇၃၂